ရန်ကုန်မြို့ ဘောင်ဒရီလမ်း

အဂ္ဂမဟာပဏ္ဍိတ

မိုးညှင်းဝိပဿနာဆရာတော်ဘုရား

ရေဒီယိုမှဟောကြားသော

# ဝိညာဏ်အနိစ္စတရားတော်

—o—

၄. ၃၆၄
မည

ဣစ္ဆာသယပိဋကတ်စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

# နိဒါန်း

ဤစာအုပ်ရိုက်ရခြင်း၏ အကြောင်းရင်းကား ဝိညာဏ် ခြောက်ပါး အနိစ္စဝိပဿနာ အလုပ်ပြ တရားတော်ကြီးကို ဟောပြီးသောနေ့က ညနေအချိန်တွင် ကာကွယ်ရေး အတွင်းဝန်ဟောင်း ဦးဘတင့် ( I.C.S. ) တရားရုံးချုပ် ရှေ့နေကြီး ဦးအုံ့ကျော်နှင့် ဆရာဝန်ကြီး ဦးသိန်းမောင်တို့ လာရောက်ပြီးလျှင် ဆရာတော်ဘုရား ရေဒီယိုမှ ဟောကြား သွားသော ဝိညာဏ်အနိစ္စတရားတော်ကြီးကို သေချာစွာ စူးစိုက်၍ နာကြားလိုက်ရာ အလွန်ပင် နှစ်ခြိုက်သဘောကျ ကြည်ညိုလှပါ၍ မဂ္ဂဒါန ကုသိုလ် ပြုလိုပါကြောင်းနှင့် လျှောက်ထားသောကြောင့် ထိုပုဂ္ဂိုလ်ကြီးများနှင့် သူတော် ကောင်း အစားစားတို့က လှူဒါန်းကြပေသတည်း။

မာယူပမဉ္စ ဝိညာဏံ၊ အလွန်လိမ်သော ဝိညာဏ်ကို အမှန် သိရပါလို၏ သိနိုင်ကြပါစေသော်။

''မိုးညှင်းဝိပဿနာဆရာတော်ဘုရား၏အတ္တုဒိဋ္ဌိသတ်နည်း ဆေးတော်ကြီး'' ဟူသောတရား၏အမည်အရ မသောက်လျှင် မနေသာသည့် ဆေးခါးကြီး ဥပမာကိုဆက်၍ ပြဦးအံ့။

ဇူဆာသယ ၅၀၅-၁

အလွန် ကြောက်မက်ဖွယ်ရာ စက်ဆုပ် ရွံရှာဘွယ်ရာ ကောင်းလှသော ကုဋ္ဌနူနာရောဂါကြီး နှစ်ရှည်လများ စွဲကပ် နှိပ်စက်နေသော ရောဂါသည်တယောက်ရှိသတတ်။

ထိုရောဂါသည်ကို ဆေးအတတ်၌ တဘက်ကမ်းခတ် တတ်မြောက်သော ဆေးဆရာကြီးတဦးက အသင့်ရောဂါ ပျောက်ကင်းချမ်းသာအောင် ဆေးပေးမည်၊ ထိုဆေးကား ရောဂါမရှိ ပကတိကျန်းမာသူများအတွက် စားဘို့ကိုမဆို ထားဘိ ဆေးနံ့ကိုနံကာမျှပင် ပျို့တက် အော့အန် အလွန်နံ အလွန်ခါးသော ဆေးခါးကြီးတည်း။

ထိုဆေးခါးကြီးကို နေ့စဉ်သောက်က သင်၏ နူနာရောဂါ ပျောက်ကင်း၍ ထာဝရချမ်းသာမည်ဟု ပြောလေရာ၏။ ထိုသူမှာ နူနာရောဂါပျောက်ချင်သည့်အရေးကြောင့် အနံ့ အရသာ နံသည် ခါးသည်ကို မမှုတော့ဘဲ စွဲမြဲစွာ သောက် လေရာ ရောဂါ ကင်းပျောက် ချမ်းသာခြင်းသို့ရောက်လေ၏။ ဥပမေယျ- အပါယ်သံသရာ၏မူလအမြစ်ဖြစ်သော ခန္ဓာငါးခု ဓာတ်အနေကို ကိုယ်ဟုစွဲကပ် အမြဲမှတ်သည့် အတ္တဝါဒုပါဒါန် ရောဂါဆိုးကြီး စွဲကပ်လာရာ ပုထုဇဉ်သတ္တဝါတို့မှာ တိကိစ္ဆ ကောတိ ခေါ ဘိက္ခုဝေ တထာဂတဿေတံ အဓိဝစနံ- အင်္ဂုတ္တိုရ် ဒသနိပါတ် တိကိစ္ဆကသုတ္တန်၌ ထုတ်ပြန်ဟောကြား သည်တဝ, မဟာကာရုဏိကော သတ္ထာ,သဗ္ဗလောကတိကိစ္ဆ ကော-ဝီသတိနိပါတ် အဓိမုတ္တ ထေရဂါထာပါဠိ လာရှိသည်

တတန် ကိလေသာ ဘေးရန် ရောဂါဆိုးမှန်သမျှကို တရား တည်းဟူသော ဆေးတော်ကြီးကို တိုက်ကျွေးခါ ဝေနေယျ များစွာတို့အား ကူစားတော်မူသော မြတ်စွာဘုရား တည်းဟူ သော ဆေးဆရာကြီးက မဟာကရုဏာတော်ကြီး ထားပြီး ပေးသနားသော ဆေးခါးကြီးနှင့် တူစွာ ဝိပဿနာဘာဝနာ အလုပ်ကိုသာ ပျင်းတယ်လို့လဲ မနေပြား မအားလို့လဲ မရှောင်သာ လူ့လောကီ အရေးအရာ များစွာပင် ပွေရှုပ် သော်လဲ နောက်မဆုတ် အဖန်ဖန် အပျက်အကွက် မခံဘဲ အခိဌာန်ဝင်ထားပြီး အချိန်မှန်မှန် ကြိုးစားအားထုတ်ရန် အချက်ကို လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီ တွင် ပြဆိုသော ဥပမာကို အနည်းငယ်ချဲ၍ပြလိုက်၏။

## လင်္ကာနှင့်သိရန်

ရက်ကုန်သမျှ အသက်ကုန်ရာ၊
မသေအသက် နေ့ရက်တွေမှာ၊
နဲ့နဲ့များများ ပွားများဘာဝနာ၊
ဆေးခါးကြီး သောက်နည်းပုံလိုသာ။

မှတ်ချက်။ ။သူညာဂါရီ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိဟောတိ၊သမ္မာဓမ္မံ ဝိပဿတော-
ဟူ၍ရှင်း၊

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။ လဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ-ဟူ၍ရှင်း၊ ဝိပဿနာ၏ ချမ်းသာပုံ နှစ်သက်မွေ့လျော်ပျော်ရွှင်ဝမ်းမြောက်ရပုံကိုဟောကြားပါလျက် ကြောက်လန့်ဘွယ်ရာခါးသော နံသောဆေးခါးကြီး ဥပမာ ပြုရသည်မှာ-

ပါပသ္မိံ ရမတေ မနော၊ ဘုရားဟောအတိုင်းအကုသိုလ်ဖြစ်သောအာရုံတို့၌သာအမြဲပျော်ပါးကျက်စားနေသော စိတ်ရူးစိတ်နှောက် အတွက်နှင့် အားမထုတ်လိုသည့်အချက်ကိုသာ ထင်ရှားရန်ဟု သိပါ။

၂၁၉၈၅

မိုးညှင်းဝိပဿနာဆရာတော်၏

# အဏ္ဏဝဒိဋ္ဌိသတ်နည်း ဆေးတော်ကြီး

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ယနေ့သည် ၁၃၃၃-ခု၊ ဝါခေါင်လကွယ်နေ့ မြန်မာ စံတော်ချိန် ၁၂-နာရီတိတိရှိပြီ။ ဤမင်္ဂလာရှိသောအချိန်တွင် ဝိညာဏ်နာမ် အနိစ္စ ဝိပဿနာအလုပ်ပြ တရားတော်ကြီးကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အသံလွှင့် နေရာမှ နေ့ပြီး ဟောကြားပါမည် သေချာစွာနာကြားကြပါလေ သူတော်ကောင်းတွေတို့——

အကျွန်ုပ်အာနန္ဒာသည် ဤသို့ ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။

ရဟန်းတို့- အကြားအမြင်မရှိသော ပုထုဇဉ်သည် မဟာဘုတ် လေးပါးဖြင့်ပြီးသော ဤကိုယ်ကြီး၌ ငြီးငွေ့မှုလည်း ငြီးငွေ့ရာ၏၊ တပ်ခြင်းကင်းမှုလည်း ကင်းရာ၏၊ လွတ်လိုခြင်း ဖြစ်မှုလည်း ဖြစ်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။

ရဟန်းတို့- မဟာဘုတ်လေးပါးဖြင့် ပြီးသော ဤကိုယ်၌ တိုးပွားခြင်းသည်ရှင်း၊ ဆုတ်ယုတ်ခြင်းသည်ရှင်း၊ ဖြစ်ခြင်းသည်ရှင်း၊ ပျက်ခြင်းသည်ရှင်း ထင်ရှား၏။

ထိုကြောင့် အကြားအမြင်မရှိသောပုထုဇဉ်သည် ထိုကိုယ်၌ ငြီးငွေ့မှုလည်း ငြီးငွေ့ရာ၏၊ တပ်ခြင်းကင်းမှုလည်း ကင်းရာ၏၊ လွတ်လိုခြင်း ဖြစ်မှုလည်း ဖြစ်ရာ၏။

ရဟန်းတို့- အကြားအမြင်မရှိသော ပုထုဇဉ်သည် စိတ်ဟူ၍ရှင်း၊ မနောဟူ၍ရှင်း၊ ဝိညာဏ်ဟူ၍ရှင်း ဆိုအပ်သော သိမှုသဘောတရား၌ ငြီးငွေ့ခြင်းငှာ မစွမ်းနိုင်၊ တပ်ခြင်းကင်းခြင်းငှာ မစွမ်းနိုင်၊ လွတ်လိုခြင်းငှာ မစွမ်းနိုင်၊ ထိုသို့မစွမ်းနိုင်ခြင်းသည် အဘယ်ကြောင့်နည်း။

ရဟန်းတို့-အကြားအမြင်မရှိသော ပုထုဇဉ်သည် ဤစိတ်ဟူသော ဝိညာဏ်အသိသဘောကို ဤအသိသည်ကား ငါ့ဥစ္စာဖြစ်၏၊ ဤအသိသည်ကား ငါဖြစ်၏၊ ဤအသိသည်ကား ငါ၏ အတ္တဖြစ်၏ဟု ရှည်စွာသောကာလပတ်လုံး တဏှာဒိဋ္ဌိ

တို့ဖြင့် စွဲယူအပ်၏၊ မြတ်နိုးအပ်၏၊ မှားသောအားဖြင့် သုံးသပ်အပ်၏။

ထိုကြောင့် အကြားအမြင်မရှိသော ပုထုဇဉ်သည် ထိုစိတ်တည်းဟူသော အသိ၌ ငြီးငွေ့ခြင်းငှာ မစွမ်းနိုင်၊ တပ်ခြင်းကင်းခြင်းငှာမစွမ်းနိုင်၊ လွတ်လိုခြင်းငှာ မစွမ်းနိုင်။

ဤအထက်ပါ နိဒါနဝဂ္ဂသံယုတ် မဟာဝဂ် အဿုတဝါသုတ် မြန်မာပြန်ကို ပဌမပြရခြင်းကား ရုပ်နှင့်နာမ် နှစ်ပါးဝိပဿနာရှုရာဝယ် ရုပ်တရားထက် စိတ်ဝိညာဏ် နာမ်တရားကသာ၍ ခက်ခဲနက်နဲပုံကို သိရှိယုံကြည်စေခြင်းငှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူသည့် ဒေသနာအကိုးအကားကို သိကြရန် ဖြစ်ပေသတည်း။

ဤအထက်ပါ ဒေသနာတော်မြတ်၌ ဟောကြားသောစိတ်သည် (ဝိဇာနာတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ) အရ သဘောအားဖြင့် မုချ ပြောရသော်အာရုံသိမှုတခုတည်းသာမှတ်။

အာရုံသိမှုဆိုသည်မှာ- အာရုံရလာမှု အာရုံပေါ်လာမှု-အာရုံထင်မြင်လာမှုဟု သိလေ။

လက္ခဏာအရ အာရုံသိမှု တခုတည်းပင် ဖြစ်သော်လည်း အကျယ်မှာ အာရုံသိသော စိတ်မနောကို ဝိညာဏ်ဆို၏။ ထိုဝိညာဏ်မှာ မြင်ကြားနံလျက်တွေ့ကြံချက်ဟု ခြောက်ခု

အကျဉ်း အကျယ်ခင်းက တရာနှစ်ဆယ် တပါးကယ်သည်
များဘွယ်ဝိညာဏ်သိရန်တည်း။

ဆိုသည့်အတိုင်း အကျဉ်းအားဖြင့် သိမှုတပါး အလတ်စား အားဖြင့် မြင်သိဝိညာဏ်၊ ကြားသိဝိညာဏ်၊ နံသိဝိညာဏ်၊ စားသိဝိညာဏ်၊တွေ့သိဝိညာဏ်၊ကြံသိဝိညာဏ်ဟုခြောက်ပါး။ အကျယ်မှာ ကာမစိတ် ရူပစိတ် အရူပစိတ် လောကုတ္တရာစိတ် အားဖြင့် တရာ့နှစ်ဆယ်တပါးဖြစ်လာ၏။

ဤ ဝိညာဏ် တရားကို ထင်မြင် ပေါက်မြောက်အောင် ဝိပဿနာအလုပ်ဟောပြရာ၌ အကျယ် တရာ့နှစ်ဆယ် တပါး သော စိတ်တွေမလိုပါ။ ထို့ပြင် မဟာသတိပဋ္ဌာနသုတ် စိတ္တာနုပဿနာအရာ၌ ဟောသော သရာဂစိတ် ဝီတရာဂစိတ် အစရှိသော (၁၆)ပါး အပြားအားဖြင့် ဝေဘန်ဟောကြား သော စိတ်မျိုးကိုလည်း ဤအကျဉ်းချုပ် အလုပ်ပြတရား၌ မဟောပါ။

ဟောရန်သိရန် အားထုတ်ရန်မှာ စိတ်၏မူလအရင်းဖြစ် သော အာရုံသိမှု သဘောလက္ခဏာကို ထိထိရောက်ရောက် ဉာဏ်အမြင်ပေါက်အောင် ရူပ်ဘို့နှင့် ဒွါရခြောက်ပါးမှ ဖြစ် ပေါ်လာသော ဝိညာဏ်ခြောက်ပါးကိုသာ ဟောပြပါမည်။

ထိုစိတ်ဝိညာဏ်အရ ပရမတ္ထဖြစ်သော သဘော အစစ် တရားမှာ မိန်းမ ဝိညာဏ် ယောကျ်ား ဝိညာဏ်ဟု မရှိ၊ မိန်းမ

အသိ ယောကျ်ားအသိ ငါ့အသိ လူ့အသိ နတ်အသိ ဟူ၍ မရှိ၊ သုံးဆယ့်တဘုံအလုံးစုံကို အကုန်သတ္တုချလိုက်က (ဝိဇာနန လက္ခဏံဝိညာဏံ)အရ ဝိညာဏ်သည် သိခြင်းသဘောအားဖြင့် တပါးတည်းသာရှိ၏ဟု ကြပ်ကြပ်ကြီး စဉ်းစားပါ နာနာ မြဲမြဲစွဲအောင် မှတ်ထားပါ၊ ဆင်ခြင်ပါ၊ မြင်နိုင်ခဲ့ သိနိုင်ခဲ့ သဘောကျနိုင်ခဲလှပါသည်။

ဝိပဿနာအလုပ်နှင့် အဟုတ်သိရန်အချုပ်မှာ အာရုံသိမှု ဟူသမျှကို ဝိညာဏက္ခန္ဓာ (ဝါ) ဝိညာဏဓာတ်ဟု ပွားရှု ဆင်ခြင်နိုင်ပါလျှင် ဝိညာဏ် နာမ်ဓာတ် ပရမတ်၌ စွဲကပ် ထိန်ညီး အစမထင်နိုင်သော သံသရာက တောက်လောင်၍ လာသော သက္ကာယဒိဋ္ဌိမီးကြီးသည် အပြီးတိုင် သေနိုင်ပါ၏။

ကိလေသာအပေါင်းတို့တွင်ဒိဋ္ဌိကိလေသာသည် အဆိုးဝါးဆုံး ဖြစ်၏၊ ခပ်သိမ်းသော ဒုစရိုက်အမိုက်ကြီး အမှားကြီး ဟူသမျှသည် ဒိဋ္ဌိမှ ဖြစ်ပွားကြကုန်၏။ ဒိဋ္ဌိကိလေသာ အမြစ်ပြတ်လျှင် ခပ်သိမ်းကုန်သော ဒုစရိုက်အမိုက်ကြီး အမှားကြီး ဟူသမျှသည် အကုန်ပြတ်ကုန်၏၊ ထိုသူမှာ အပါယ်သံသရာ ဆင်းရဲကြီးသည် အပြီးချုပ်ငြိမ်းလေ၏၊ အနတ္တဝိပဿနာသည် ဒိဋ္ဌိကိလေသာ အမြစ်ဖြတ်မှုသက်သက်တည်း။

ဤသို့လျှင် အစမထင်နိုင်သောဘဝဘဝါ ကမ္ဘာ့ကမ္ဘာ သံသရာမှ စိတ်ဝိညာဏ်ကို မသိမမြင်ကြ၍ ထိုဝိညာဏ်ဖြစ်တိုင်း

သက္ကာယဒိဋ္ဌိ မီးတောက်ကြီး (ဝါ) ငရဲမီးတောက်ကြီး အစဉ် ဖြစ်ပွား တောက်လောင်သည့် မီးကြီးကို အပြီးတိုင် ငြိမ်းပျောက်နိုင်ရန်အတွက် မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာတဏှာသင်္ခယသုတ်၌ မြတ်စွာဘုရားကိုယ်တော်တိုင်ဟောကြားသော ဝိညာဏ် ခြောက်ပါး တရားကို ဟောကြားပါမည်၊ နာမ်ကမ္မဋ္ဌာန်းကိုပြရာ၌ မြတ်စွာဘုရားသည် နာမ်တရားတို့တွင် သဘောအားဖြင့် အလွန်ထင်ရှားသောဝိညာဏ်ကိုရင်း၊ ဝေဒနာကိုရင်း၊ ဖဿကိုရင်း၊ ဤ ၃-ပါးကိုသာလျှင် အမိကပဓာနထား၍ ပြတော်မူသည်။

**ဝိညာဏ်ကိုပြပုံမှာ**- အခါတပါး၌ ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေစဉ် သာတိအမည်ရှိသော ရဟန်းသည် စိတ် ဝိညာဏ်၏ သဘောကိုရင်း၊ အကြောင်းကြောင့်ဖြစ်ပုံကိုရင်း၊ ခုဖြစ်ခုပျက်သည့် ကြောက်မက်ဖွယ် ဖြစ်ပုံပျက်ပုံကိုရင်း မသိ၍ စိတ်သည် မြဲ၏ ခိုင်၏ အစဉ်ထာဝရ ခန္ဓာကိုယ်ထဲမှာ တရိုထဲရှိနေ၏ဟူသောအယူမှားဖြင့် စွဲလမ်းပြောဆိုသည်မှာ စိတ်ဝိညာဏ်သည် မြဲ၏ ခိုင်၏ မပျက်မစီးဘဲ တဘဝမှတဘဝသို့ ကူးပြောင်းသွားသည်။ ဤသို့ မြတ်စွာဘုရား ဟောသည်ကို ငါသိ၏ဟု သူ၏အယူမှားကို အတူနေရဟန်းများအား ပြောကြား၏။

ထိုစကားကိုကြားရသော အပေါင်း အဖော်ရဟန်းတော်တို့က (ငါ့ရှင်သာတိ) ဤသို့မယူပါနှင့်၊ မြတ်စွာဘုရားသည်

ငါ့ရှင်ယူသလို ပြောသလိုမဟောပါ၊ မိမိသည် ဘုရားဟော တိုင်း အဟုတ်အမှန်ကို မသိဘဲနှင့် ဘုရားကို မဟုတ်မဟတ် မပုတ်မခတ် မစွပ်မစွဲပါနှင့်ဟူ၍ ဆုံးမပြောကြား တားမြစ် ကြားသော်လဲ ထိုသာတိရဟန်းသည် စိတ်ဝိညာဏ်တရား၌ မိမိ၏အယူအမှားကို မစွန့်သည့်ပြင် ငါယူသလို ငါပြောသလို သာ ဘုရားဟောတာအမှန်ဖြစ်သည် ဘုရား၏ အလိုတော်ကျ အတိုင်း ငါသိသည်ဟုသာ အစွဲအလမ်း ခိုင်ခိုင်နှင့်နိုင်အောင် ငြင်းဆို၍နေ၏။

ထိုအခါ ရဟန်းများက မြတ်စွာဘုရားသို့ လျှောက်၍ ရှင် တော်မြတ်ဘုရားသည် သာတိရဟန်းအား ရှေ့တော်သို့ခေါ်ပြီး သော် မေးမြန်းစစ်ဆေးတော်မူပုံမှာ ချစ်သား သာတိ-ထိုစိတ် ဝိညာဏ်သည်ပင်လျှင် မြဲသည် ခိုင်သည် မပျက်ဘဲ တဘဝမှ တဘဝသို့ ကူးပြောင်းသွားသည်ဟု မြတ်စွာဘုရား ဟောကြား သောတရားကို ငါသည်အမှန်သိ၏ဟူ၍ သင်၌ ဤသို့မှားယွင်း သောအယူရှိနေသည်ဆိုသည်မှာ မှန်သလောဟုမေးမြန်းသော အခါ (သာတိရဟန်းက) မှန်ပါသည်ဟု လျှောက်လေလျှင် ဘုရားရှင်က သာတိ သင်ပြောဆိုယူဆနေသော ဝိညာဏ်သည် ကား အဘယ်နည်းဟု မေးမြန်း၏၊ ထိုအခါ သာတိရဟန်းက (မြတ်စွာဘုရား) ပြောဆိုတတ်သော, သိတတ် ကြံစည်တတ် သော, ကုသိုလ် အကုသိုလ်၏ အကျိုးကို ခံစား စံစားတတ်

သော သဘောသည် ဝိညာဏ်ဖြစ်ပါသည်ဟုသူ၏အယူအတိုင်း လျှောက်၏။

ထိုအခါတွင် ဘုရားရှင်က မင်္ဂပိုလ်မှအချည်းနှီးဖြစ်ရသော ရဟန်း-ငါဘုရားသည် ဘယ်ပုဂ္ဂိုလ်အား သင်ယူသလို သင် လျှောက်ထားသလို ဟောပါသနည်း။

ဝိညာဏ်သည် အကြောင်းကိုစွဲ၍သော ဖြစ်၏၊ ဝိညာဏ် သည် အကြောင်းကြောင့်သာ ဖြစ်၏၊ အကြောင်းမရှိဘဲနှင့် ဝိညာဏ်သည်မဖြစ်နိုင်ဟူ၍သာလျှင် ငါဘုရားသည် များစွာ သော ဒေသနာတို့တွင် ဟောကြားသည် မဟုတ်ပါလော၊ မင်္ဂပိုလ်မှ အချည်းနှီးဖြစ်သောရဟန်း၊ ထိုသို့သာ ဟောပါ လျက်နှင့် သင်သည် စိတ်ဝိညာဏ်၏ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေခြင်းကို ဟုတ်မှန်စွာ မသိပါဘဲနှင့် အယူလွဲမှားပြီး ငါဘုရားကိုလည်း စွပ်စွဲသေး၏၊ မိမိကိုလဲဖျက်ဆီး၏၊ များစွာ သော မကောင်းမှုကိုလည်း ဖြစ်ပွားစေ၏၊ ထိုအယူမှား စွဲနေ ခြင်းကြောင့် နေ့ညဉ့်များစွာ ရှည်ကြာသော ကာလပတ်လုံး သင်၏အကျိုး စီးပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာသာလျှင် ဖြစ် ပေတော့မည်။

အိုချစ်သား ရဟန်းများတို့-ဝိညာဏ်သည် အကြောင်းကို သာလျှင် စွဲ၍ဖြစ်၏၊ စိတ်ဝိညာဏ်သည် အကြောင်းကြောင့် သာလျှင် ဖြစ်၏။ အကြောင်းနှင့် မကင်းမူ၍သာ ဖြစ်၏၊

အကြောင်းမရှိဘဲ ဝိညာဏ်မဖြစ်ဟူ၍သာလျှင် ငါဘုရားသည် အကြိမ်ပေါင်းများစွာ ဟောခဲ့လေပြီ။

အို ချစ် သား ရ ဟန်း တို့- အ ကြင် အ ကြင် သို့ သော အကြောင်းကိုသာလျှင် စွဲ၍သိမှု ဝိညာဏ် ဖြစ်ပေါ်လာ၏၊ ထိုထိုအကြောင်းဖြင့်သာလျှင် ဝိညာဏ်၏အမည်ခေါ်ခြင်းသို့ ရောက်၏။

၁။ မျက်စိနှင့် အဆင်းကိုစွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ မျက်စိသိ (ဝါ) မြင်သိ ဟူ၍သာလျှင် ခေါ်၏။

၂။ နားနှင့် အသံကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ နားသိ (ဝါ) ကြားသိဟူ၍သာလျှင် ခေါ်၏။

၃။ နှာခေါင်းနှင့် အနံ့ကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ နှာခေါင်းသိ (ဝါ) နံ့သိဟူ၍သာလျှင် ခေါ်၏။

၄။ လျှာနှင့် အရသာကိုစွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ လျှာသိ (ဝါ) စားသိဟူ၍သာလျှင် ခေါ်၏။

၅။ ကိုယ်နှင့် အတွေ့အထိကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ ကိုယ်သိ (ဝါ) တွေ့သိ ဟူ၍သာလျှင် ခေါ်၏။

၆။ အာဝဇ္ဇန်းနှင့်တကွသော ဘဝင်စိတ်နှင့်ဓမ္မာရုံကိုစွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏။ ကြံသိစိတ်ဟူ၍သာလျှင် ခေါ်၏။

ချစ်သား ရဟန်းများတို့- ထင်ရှားစွာ သိနိုင်အောင် ဥပမာဆောင်၍ပြရသော် အကြင်အကြင်သို့သော လောင်စာ ဝတ္ထုကိုစွဲ၍ မီးသည် တောက်လောင်နေ၏၊ ထိုထိုစွဲရာဝတ္ထု အားဖြင့်သာလျှင် မီး၏အမည်သည် ခေါ်ခြင်းသို့ ရောက်၏။

(က) ထင်းကိုစွဲ၍ မီးတောက်လောင်လျှင် ထင်းမီး ဟူ၍သာ ခေါ်၏။

(ခ) ထင်းပေါက်ကိုစွဲ၍ မီးတောက်လောင်လျှင် ထင်းပေါက်မီးဟူ၍သာ ခေါ်၏။

(ဂ) မြက်ကိုစွဲ၍ မီးတောက်လောင်လျှင် မြက်မီး ဟူ၍သာ ခေါ်၏။

(ဃ) နွားချေးကို စွဲ၍ မီးတောက်လောင်လျှင် နွားချေးမီးဟူ၍သာ ခေါ်၏။

(င) ဖွဲကိုစွဲ၍ မီးတောက်လောင်လျှင် ဖွဲမီးဟူ၍ သာ ခေါ်၏။

(စ) အမှိုက်ကိုစွဲ၍ မီးတောက်လောင်လျှင် အမှိုက် မီး ဟူ၍သာ ခေါ်၏။

၎င်းအထက်ပါ (၆)ပါးသော မီးဥပမာတို့၏အဓိပ္ပါယ်မှာ ထင်းကိုစွဲ၍လောင်သော မီးသည် စွဲရာထင်းနှင့်စပ်၍ ထင်းမီး အမည်သာခေါ်ပုံ လောင်စရာထင်းရှိသမျှသာ မီးတောက် လောင်ပုံ လောင်စရာ ထင်းမရှိက မီးတောက် ငြိမ်းပျောက်ပုံ

ကိုပါ ဥပမာ၌ သိစရာတည်း။ ဤ ၃-ချက်ကို မြဲမြဲမှတ်ထားပါ၊ ဥပမာနှင့် ဥပမေယျကို ဆက်စပ်ပြရသော် မီးနှင့် ဝိညာဏ် တူသည်။ ထင်းနှင့် အကြောင်းဖြစ်သောအာရုံတူသည်၊ လောင်စာထင်း မရှိက မီးမရှိပုံနှင့် အကြောင်းအာရုံမရှိလျှင် ဝိညာဏ်မရှိပုံတူ၏။ ဤသို့ သဘောကျထားအောင် ဆင်ခြင်ပါ စဉ်းစားပါ။ ဝိညာဏ်၏သိမှုသဘာဝ ဝိညာဏ်၏ဖြစ်ကြောင်း ပစ္စယ ဝိညာဏ်၏ မမြဲသော အနိစ္စ, ဤသုံးပါးကို ကြပ်ကြပ်ကြီး စဉ်းစားပါ၊ ဝိပဿနာအလုပ်အဟုတ်အမှန်ကို အားထုတ်လိုသော ယောဂီသည် အားထုတ်ရာ၌ လွယ်ကူရန် ဥပမာကိုသဘောကျအောင်မှတ်ပါ။ ခက်ခဲနက်နဲသော အရာတို့၌ ဥပမာကိုအမှီပြု၍ နက်သောတရားကိုသိကြရပေသည်။

ဤသို့ ရှင်တော်မြတ်ဘုရားသည် ယခုဘဝဖြစ်ဆဲခဏ၌ပင်လျှင် ဝိညာဏ်(၆)ပါး စိတ်တရားတို့မှာ တဒ္ဒါရ၌ဖြစ်သော စိတ်သည် တဒ္ဒါရသို့ပင် ကူးပြောင်း၍မဖြစ်နိုင်ပုံကို ဟောပြတော်မူသောကြောင့် သာတိရဟန်း ယူမှားသကဲ့သို့ စိတ်ဝိညာဏ်တရားသည် အာဘယ်မှာလျှင် သေပြီးသည့်နောက် ဘဝတပါးသို့ မပျက်ဘဲ ပြောင်းရွှေ့၍ ဖြစ်နိုင်ပါတော့အံ့နည်း၊ သေပြီးနောက် ဘဝတပါးသို့ ရောက်သည်အထိ မပျက်ဘဲမပါနိုင် မလိုက်နိုင်ရုံတင်မဟုတ်၊ မသေမီဖြစ်ဆဲပစ္စုပ္ပန်ဘဝထဲ၌ပင်လျှင် တခဏမှတခဏသို့ရင်း တကာလမှ

တကာလသို့ရင်း ဣရိယာပုထ်တခုမှ ဣရိယာပုထ်တခုသို့ရင်း အရပ်ဒေသတခုမှ အရပ်ဒေသ တခုသို့ရင်း, မပျက်ဘဲ ခိုင်မြဲ၍ ပြောင်းရွှေ့နိုင်သော စိတ်မည်သည် မရှိပေ။

အကြောင်အကြောင်သို့သော ခဏ၊ ကာလ၊ ဣရိယာပထ၊ ဒေသတို့၌ဖြစ်ကြကုန်သော စိတ်တို့သည် ထိုထိုဖြစ်ရာခဏ၊ ဖြစ်ရာကာလ၊ ဖြစ်ရာဣရိယာပထ၊ ဖြစ်ရာဒေသတို့၌သာလျှင် ပျက်ကြကုန်၏၊ ဤသို့သော ဝိပဿနာဉာဏ် အတွက်နှင့် ဝိညာဏ်၏ ခဏ်ခဲနက်နဲလှသော အနိစ္စအချက်ကြီးကို သိသာ ထင်ရှား ဉာဏ်မြင်သွားအောင် ဟောကြား တော်မူသည်ဟု မဟာတဏှာ သင်္ခယ သုတ်အဋ္ဌကထာတွင် သေသေချာချာ ဖွင့်ပြတော်မူ၏။

မြတ်စွာဘုရား ရွှေလက်ထက်တော်တွင် သာတိအမည်ရှိသော ရဟန်းတပါး စိတ်ဝိညာဏ်၌ (တဒေဝိဒံ ဝိညာဏံ သန္ဓာဝတိ သံသရတိ၊ နအညံ ဟု အယူမှား၏။

**မှားပုံအစိပ္ပါယ်ကား–** ဝိညာဏ်သည် သတ္တဝါတယောက်မှာ တခုသာရှိ၏၊ ထိုစိတ်ဝိညာဏ်သည် ကိုယ်တွင်းမှာ အမြဲတည်ရှိ၏၊ မျက်စိမှာ အဆင်းရူပါရုံ ထင်လာသောအခါ၌ ထိုဝိညာဏ်သည်ပင်လျှင် ကိုယ်ထဲမှ မျက်စိပေါက်သို့ ပြောင်းရွှေ့၍ ရူပါရုံကိုကြည့်ရှု၏၊နားမှာအသံ သဒ္ဒါရုံထင်လာသော အခါ၌ ထိုဝိညာဏ်သည်ပင်လျှင် ကိုယ်ထဲမှ နားပေါက်သို့

ပြောင်းရွှေ့၍ သဒ္ဒါရုံကို ကြားပြန်၏၊ နှာခေါင်းမှာအနံ့ ဂန္ဓာရုံထင်လာသောအခါ၌ ထိုဝိညာဏ်သည်ပင်လျှင် ကိုယ်ထဲမှ နှာခေါင်းပေါက်သို့ ပြောင်းရွှေ့၍ ဂန္ဓာရုံကိုနံပြန်၏။ လျှာမှာ ရသာရုံထင်လာသောအခါ၌ ထိုစိတ်ဝိညာဏ်သည်ပင်လျှင် ကိုယ်ထဲမှ လျှာပေါက်သို့ ပြောင်းရွှေ့၍ ရသာရုံကိုစားပြန်၏၊ ကာယမှာ အတွေ့အထိအာရုံထင်လာသောအခါ၌ ထိုဝိညာဏ်သည်ပင်လျှင် ကိုယ်ထဲမှ တွေ့ထိရာ ကာယဒွါရသို့ ရွှေ့၍အတွေ့အာရုံကို သိပြန်၏။ မနောဒွါရမှာ ဓမ္မာရုံထင်လာသောအခါ၌ ထို ဝိညာဏ် သည်ပင်လျှင် ကိုယ်ထဲမှ မနောဒွါရသို့ ပြောင်းရွှေ့၍ ဓမ္မာရုံကိုသိပြန်၏၊ တဘဝလုံးမှာ ဝိညာဏ်သည် တခုတည်းသာ ဖြစ်၏၊ မပျက်ဘဲအမြဲတည်ရှိ၏၊ သေ၍ဘဝပြောင်းလျှင်လည်း ထို ဝိညာဏ်သည်ပင်လျှင် တိုထိုနောက်ဘဝ နောက်ဘဝ အဆက်ဆက်သို့ ပြောင်းသွားလေ၏၊ စိတ်ဝိညာဏ်သည် ပျက်သည်ဟူ၍မရှိ၊ ဘဝအဆက်ဆက် မပျက်ဘဲ အမြဲတည်ရှိ၏ဟု စိတ်ဝိညာဏ်၌ အယူလွဲမှားနေခြင်း ဖြစ်သတည်း။

ထိုသို့ အယူမှားနေခြင်းမှာ ထို သာတိ ရဟန်းသည်- သုတ္တန်ဒေသနာဓာတ်တော်လာသည့်သတ္တဝါပညတ် အကောင်အထည် ဒြဗ်နှင့်စပ်သော စကားတို့ကိုသာ အကြားအသိများစွာ ရှိနေ၍ ဓာတ်တော်ပေါင်းသော အခါ၌လည်း ထိုအခါက ငါဘုရားသည် ဝေဿန္တရာမင်းကြီးဖြစ်ဘူးပြီ၊မဟော

သခေ ဖြစ်ဘူးပြီ၊ မဟာဇနကမင်းကြီး ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားဖြစ်လာ၏ အစရှိသော ဇာတ်တော် နိပါတ်တော်လာ သုတ္တန် ဒေသနာတို့ကိုသာလျှင် နားလည် သိကြား ဗဟုသုတ များသော ပုဂ္ဂိုလ်ဖြစ်၍ အမည်ပညတ်နှင့် ရုပ်တရားသည် သာလျှင် အမျိုးမျိုး ပြောင်းလဲနေကြသည်၊ စိတ်ဝိညာဏ်မှာ မူကား တပါးတည်းသာဖြစ်၍ အပြောင်းအလဲမရှိ မပျက်ဘဲ မြဲသည်ဟု ယူမှားထင်မှား၍ ပြောကြားခြင်းသာဖြစ်သတည်း။

ဤအယူမှားကို ပယ်ပျောက်ခြင်းငှာ ဝိညာဏ်၏ ပဋိစ္စ သမုပ္ပါဒ်ဖြစ်ပုံ၊ ဝါ- ဝိညာဏ်၏ အကြောင်းရှိမှသာလျှင် ဖြစ်ရသော အကျိုးတရားမျိုး အနိစ္စမျိုး အနတ္တမျိုး ဖြစ် ကြောင်းကို သိစေခြင်းငှာ ဟောသောတရားပေတည်း။

ဤသို့ အထက်ကပြခဲ့သော မဟာတဏှာသင်္ခယသုတ်၌ ဘုရားကိုယ်တော်တိုင် ဟောကြားသည့် စိတ်ဝိညာဏ် ၆-ပါး နာမ်တရားတို့ကိုသာလျှင် ခွဲခြား၍ ရှုမှတ်ရာသည်။

ဝိပဿနာဉာဏ်အမြင် ဆိုသည်မှာ- သဘာဝဆတ်ဆတ် ပရမတ် အဖြစ်အပျက်ကို တကာယ်ဉာဏ်အမြင် ပေါက်လျှင် တစိတ်ဖြစ်စေ၊ စိတ်အများဖြစ်စေ၊ တရားစစ် တရားမှန်သို့ ဉာဏ်ပေါက်ပြီဟု သိကြလေ၊ ဝိညာဏ်စိတ်ခေတ် နာမ်ပရမတ် သဘာဝဆတ်ဆတ်နှင့် ထို ဝိညာဏ်ဖြစ်ကြောင်း ပစ္စယတို့၏ အနိစ္စရှုနည်း အကျဉ်းချုပ်မှာ အားထုတ်ခါစ ယောဂီသည်

ဘုရားဟောကြားသည့် တရားတော်မြတ်ကို အစဥ်လျှောက်၍ ဝါ- ဟုတ်မှန်သော နာမ်ဝိညာဏ်တရားကိုနာကြား၍ စက္ခု- သောတ-ဃာန- ဇိဝှာ-ကာယ- မန-၆- ပါးသော ဒွါရတို့မှ ဆိုင်ရာဆိုင်ရာ အကြောင်းပစ္စယဖြစ်ကြသော အဆင်း-အသံ- အနံ့-အရသာ- အတွေ့- ဓမ္မ (၆) ဝသော အာရုံတို့ ဆုံစည်း တိုက်ဆိုင်တိုင်း ထင်ရှားဖြစ်ပေါ်လာသော ဝိညာဏ်စိတ်၏ အသိသဘောကိုသာ စူးစူးစိုက်စိုက်ရှုပါ၊ ရှုသောအခါ (စိတ်၏မှီရာ၊စိတ်တည်ရာ၊ခြောက်ဖြာ ဝတ္ထုရုပ်။)လက်ာအတိုင်း စိတ်သဘောကို သိရုံနှင့်မပြီး စိတ်ဖြစ်ရာကိုလည်း သိနားလည် ပြီးလျှင် စိတ်ဖြစ်ရာဌာန ဤကိုယ်ကာယကြီးကို ဉာဏ်နှင့်စိုက်၍ ရှုရမည် (မှန်ထဲ အရုပ်၊ ခွဲ၍ထုတ်၊ နာမ်ရုပ် ကွဲအောင်ရှု)။ ဥပမာအရ- မှန်တွင်ထင်လာသော အရိပ်နိမိတ်သည် မှန်နှင့် တခြားစီတည်း၊ မှန်နှင့် ရောရှက် ငြိကပ်ခြင်းမရှိ- မှန်နှင့် ဖြစ်အတူ ပျက်အတူလဲ မဟုတ်သကဲ့သို့ ရုပ်ပေါ်မှီ၍ ဖြစ်သော စိတ်သည် ရုပ်နှင့် ရောရှက်ငြိတွယ်ခြင်းမရှိ၊ ရုပ်နှင့် ဖြစ်အတူ ပျက်အတူလဲ မဟုတ်ဟု သိပြီး ကွဲအောင်ရှုပါ။

ရုပ်နှင့်နာမ်မတူပုံမရောပုံ တခြားစီဖြစ်ပုံကိုအကျဉ်းပြသော အထက်ပါ မှန်ရိပ်ဥပမာဖြင့် အကျယ်ပြဦးမည်။မှန်၌ ထင်လာ သော သစ်ပင်ရိပ်သည် မှန်သားနှင့်တခြားစီဖြစ်၏၊မှန်သားနှင့် ရောရှက်ငြိကပ်ခြင်းမရှိ မှန်သားနှင့် ဖြစ်အတူ ပျက်အတူလဲ မဟုတ်၊ အထက်ပါ တခြားစီဖြစ်ပုံ၊ ရောနှော ငြိကပ်ခြင်းမရှိပုံ

ဖြစ်အတူ ပျက်အတူမဟုတ်ပုံကို ငြိမ်နေခြင်းထက် လှုပ်ခြင်း ရွေ့ခြင်းဖြင့် သာ၍ ထင်ရှားအောင်ပြရသော် သစ်ပင်ကို လေတိုက်ခတ်ရာ သစ်ပင်-သစ်ကိုင်း သစ်ခက်-သစ်ရွက်တို့သည် လှုပ်ရှားကုန်လျှင် မှန်အတွင်းထင်သော သစ်ပင်ရိပ်၊ သစ်ကိုင်း ရိပ်၊ သစ်ခက်ရိပ်၊ သစ်ရွက်ရိပ်တို့သည် လှုပ်ရှားယိမ်းယိုင်ကြ ကုန်၏။ ထိုမှန်ပေါ်ထင်နေသော အကိုင်းအခက် အရွက်ရိပ် တွေ လှုပ်ရှားနေသော်လည်း မှန်မှာ လှုပ်ရှားခြင်းမရှိ၊ အရိပ် တွေ အနေပျက်သော်လည်း မှန်မှာအနေမပျက်၊ အရိပ်တွေ ကွယ်ပျောက်သွားသော်လည်း မှန်ကား ကွယ်ပျောက်ခြင်း မရှိ-ဟု အကျယ်သိလေ သဘောကျလေ၊ ထိုအတူပင် မှန်နှင့် တူသောရုပ်ကိုမှီ၍ ဖြစ်ကြသော ဝိညာဏ် ဝေဒနာနာမ်တရား တို့သည် မှီရာရုပ်နှင့် တမျိုးစီတခြားစီဖြစ်ကြကုန်၏။ ရှင်းရှင်း လင်းလင်းကြီးသိပါ။

တဖန် ရုပ်နှင့်နာမ် ရောရှက်ငြိတွယ်ခြင်းမရှိပုံကို တနည်း အကျယ်ဥပမာနှင့် ပြရန်မှာ ညဉ့်အခါ၌ ထွန်းအပ်သောမီး ရောင်သည် ရေခွက်အတွင်း၌ ရှိသောကြည်လင်လှစွာသောရေ အတွင်း၌အကုန်လုံးအနှံ့အပြားဖြစ်ပေါ်ကြသော်လည်းရေနှင့် ရောနှော ငြိကပ်ခြင်းမရှိသကဲ့သို့တည်း၊ ရောနှောငြိကပ်ခြင်း မရှိပုံမှာ ထွန်းအပ်သော မီးတောက်ဖြစ်ပေါ်လျှင် ရေခွက် တခုလုံး၌ မီးရောင့်တို့သည် အနှံ့ဖြစ်ပေါ်ကုန်၏၊ မီးတောက် သေပျောက် လျှင် ရေ့ခွက် အ တွင်း ၌ မီး ရောင် တို့ သည်

တပြိုင်နက် တခဏချင်း ပျောက်ကွယ်ကုန်၏၊ လေတိုက်၍ မီးတောက်လှုပ်ရှားလျှင် ရေအတွင်း၌ရှိသော မီးရောင်တို့သည် လှုပ်ရှားကုန်၏၊ ရေမှာမူကား မီးရောင် ဖြစ်ပေါ်မှုကြောင့် လည်း ရေအနေမပျက်ပေ၊ မီးရောင်လှုပ်ရှားခြင်းကြောင့်လည်း အနေမပျက် ရေလှုပ်ရှားခြင်းမရှိ၊ မီးရောင် ကွယ်ပျောက် ခြင်းကြောင့်လည်း ရေကွယ်ပျောက်မှု မရှိသကဲ့သို့ ထိုအတူ ရုပ်ကိုမှီ၍ဖြစ်ကြသော ဝိညာဏ်ဝေဒနာ နာမ်တရားတို့သည် မှီရာရုပ်ကာယကြီးနှင့် တခြားစီ တမျိုးစီသာဖြစ်၏၊ ရောယှက် ငြိကပ်ခြင်းလည်းမရှိ ဖြစ်အတူ ပျက်အတူလည်း မဟုတ်ကြ ကုန်၊ ဝိညာဏ် ဝေဒနာ ကွယ်ပျောက်သွားသော်လည်း ရုပ် ကာယကြီးက (ဝါ) ရူပက္ခန္ဓာက အနေမပျက်ချေ၊ ပဋ္ဌာန်း တရားတော်အရ ရူပိနော ဓမ္မာ၊ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော-ဟုသိကြလေ သူတော်ကောင်းတွေတို့-

## ရုပ်နှင့်နာမ် မယှဉ်မရောဘဲ အကြောင်းအကျိုးဖြစ်ပုံကို လင်္ကာနှင့် သိရန်

ရုပ်ကြောင်းနာမ်ကျိုး-ဖြစ်ရိုးစဉ်လာ၊
နာမ်ကြောင်းရုပ်ကျိုး-ပေါ်ရိုးမမှတာ။
ရုပ်နှင့်နာမ်မျိုး-ကြောင်းကျိုးတွေမှာ၊
သဘောရင်း-ရောခြင်းမရှိပါ။

မှတ်ချက်။ ။ရုပ်ကာယကြီး (ဝါ) ရူပက္ခန္ဓာကြီး အနေ မပျက်ဟုဆိုသော အထက်ပါစကားမှာ မပျက်ဘဲ အမြဲ တည်နေသည်ကား မဟုတ်ပေ၊ ရုပ်လဲ ရုပ် အသက် ရှိသလောက်နေ၍ ပျက်မြဲ ပင်တည်း။ ရုပ်နှင့် နာမ် မရောမယှက် တခြားစီသက်သက်ဟု သိစေလို၍သာ ဆိုလိုက်သောစကားဟု မှတ်ပါ။

အထက်ပါ ဥပမာတို့မှာ ကမ္မဋ္ဌာနဒီပနီ ဘာဝနာဒီပနီ တို့တွင် လာ၏။

ရုပ်နှင့်ကွဲအောင် ပဋ္ဌမရှုနိုင်က အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာများကိုလဲ လွယ်လွယ်နှင့် ထင်မြင်လာနိုင်လိမ့်မည်။

ဤသို့ ကြိမ်ဖန်များစွာ ရှုနေသော် ဝိပဿနာဉာဏ်သည် ရင့်သန်၍လာမြဲတည်း။

ယောဂါ- အားထုတ်ခြင်းကြောင့်၊ ဝေ-စင်စစ်-ဘူရိ-ဉာဏ်သည်၊ ဇာယတေ- ဖြစ်ပေါ်လာ၏ဟု ဘုရားဟောသည့် အတိုင်း အားထုတ်ဖန်များ၍ ဉာဏ်အမြင် သန်လာသော် ဉာဏ်နှင့်ဒိဋ္ဌ မြင်လိမ့်မည်။

ဤသို့ ရှင်း၍ ပြခဲ့သည့်အတိုင်း ဝိညာဏ် ၆-ပါးသိ သဘောများနှင့် ဤကာယရုပ်အစုကြီးမှာ တခြားစီ အမျိုးစီ ဟု ရှုရန် သိထားပြီးသောယောဂီသည် မြင်လာလျှင် မျက်စိ ရုပ်နှင့် အဆင်းရုပ်က မြင်တာမဟုတ်ဘူး၊ ထိုစက္ခုနှင့် ရူပတို့က

ရုပ်ဖြစ်၍ မမြင်တတ်မသိတတ်၊ ထိုပြင် ဘယ်အခါဘယ်ကာလ ကမှ မရှိခဲ့ဘူးသော အတ္တဆိုသော ငါကလဲ မြင်တာမဟုတ်၊ အမှန်မှာ စိတ်ကသာမြင်သည် အဆင်းကိုမြင်တာဟာ စိတ်-စိတ် ဟု ပညာတ်အကောင်ကြီးကို ဖယ်ရှားခါ စိတ်၏ သဘာဝသို့ စိုက်၍ ရှုလိုက်ပါ၊ ရုပ်နှင့်စိတ်ဉာဏ်တွင်းမှာ ရှင်းသွားအောင် ရှုပါ။ ကြားလာလျှင် နားနှင့်အသံရုပ်က ကြားတာမဟုတ်၊နားနှင့်အသံမှာ ရုပ်ဖြစ်၍ မကြားတတ်-မသိ တတ်၊ဘယ်အခါကမှ မရှိခဲ့ဘူးသော ခုလဲမရှိ နောင်လဲ ဘယ် တော့မှ ရှိမည်မဟုတ်သော အတ္တ-ငါကလဲ ကြားတာမဟုတ်၊ စိတ်ကသာ ကြားသည်၊ ကြားတာဟာ စိတ်-စိတ်ဟု နာနာ ရှုပါ။ဉာဏ်မရောင်ပါနှင့်၊နံလာလျှင် မွှေးလာလျှင် နှာခေါင်း ရုပ်နှင့် အနံ့ရုပ်က နံတာ မွှေးတာမဟုတ်ဘူး၊ ထိုနှာခေါင်း ရုပ်နှင့် အနံ့ရုပ်တို့က ရုပ်တရားဖြစ်၍ မနံတတ် မမွှေးတတ် ဘူး၊ ဘယ်အခါကမှမရှိခဲ့ဘူးသော အတ္တကလဲ နံတာ မွှေးတာ မဟုတ်ဘူး၊ အနံ့သိတာဟာ စိတ်ဘဲ၊ စိတ်ဟုသာ ယုံကြည်စွာ ရှုပါ၊ စားသောအခါ၌ လျှာပေါ်တွင် အရသာသိလာလျှင် လျှာရုပ်နှင့် အရသာရုပ်ကသိတာမဟုတ်၊ လျှာနှင့် အရသာက ရုပ်တရားဖြစ်၍ အရသာကို မသိတတ်၊ ဘယ်ကာလကမှမရှိဘူး သော အတ္တကလဲမသိတတ်၊အချို အချဉ် အစပ် အငန် အဖန်-အခါး-အရသာများကို စိတ်ကသာ သိသည် သိတာဟာ စိတ်စိတ်ဟု များများရှုပါ။ အပူအအေး အကြမ်းအနု အစုစု

တွေ့ကို တွေ့ထိ၍ သိလာလျှင် ကိုယ်ကာယရုပ်အစုကြီးနှင့် အတွေ့အထိ ဝတ္ထုပစ္စည်းတွေက သိတာမဟုတ်ဘူး၊ ထိုကာယကြီးနှင့် တွေ့ထိသောဝတ္ထုတွေမှာ ရုပ်တရားဖြစ်၍ အပူအအေးကို မသိနိုင်ဘူး၊ အပူအအေး အကြမ်းအနုကို စိတ်ကသာ သိသည်၊ သိတာ စိတ်-စိတ်ဟု ရှုပါလေ၊ကြံစည်စိတ်ကူးမှုတွေဖြစ်လာလျှင် ဤကိုယ်ကာယကြီးက ကြံစည်တာ မဟုတ်၊ ကာယကြီးမှာ ရုပ်တရားအစုဖြစ်၍ အာရုံကို မကြံတတ် မသိတတ်၊ အတ္တ-ကလဲ ဤကိုယ်ထဲမှာ မရှိ၍ မကြံမသိနိုင်၊ အမျိုးမျိုးအဖုံဖုံ ကြံစည် စိတ်ကူးတာမှန်သမျှသည် စိတ်ပင်ဖြစ်၏၊ စိတ်-စိတ်ဟုသာ ရှုပါလေ၊ (မြင်သိစိတ်တွေ ဖြစ်ပေါ်နေ ရှုလေ ပစ္စုပ္ပန်) ကြားသိစိတ်တွေ ဖြစ်ပေါ်နေ ရှုလေ ပစ္စုပ္ပန် နံသိစိတ်တွေ ဖြစ်ပေါ်နေ ရှုလေ ပစ္စုပ္ပန်၊ စားသိစိတ်တွေ ဖြစ်ပေါ်နေ ရှုလေ ပစ္စုပ္ပန်၊ တွေ့သိ စိတ်တွေ ဖြစ်ပေါ်နေ ရှုလေ ပစ္စုပ္ပန်၊ ကြံသိစိတ်တွေ ဖြစ်ပေါ်နေ ရှုလေ ပစ္စုပ္ပန် အတိုင်း ဖြစ်ပေါ်ဆဲ ဝိညာဏ်ကို မြင်အောင် ရှုပါ။ ဤသို့ ညွှန်ပြသည့်အရ ဖြစ်ပေါ်ရာမှ အဖန်ဖန် ရှုမှတ်နေသော ဒွါရရုပ် အာရုံရုပ်တရားတွေနှင့် ဝါ-ငါဟုသော အတ္တနှင့် စိတ်ဝိညာဏ်များတို့ မရောမရှက်ဘဲ ဝါ- ဤ ကိုယ်ကာယရုပ်အစုကြီးနှင့် မြင်စိတ် ကြားစိတ် နံစိတ် တွေ့စိတ် စားစိတ် ကြံစိတ်များကို ခွဲခြားသိမြင်ရ၍ အမှားမထင်တော့ဘဲ အာရုံအကြောင်းရှိ၍ ဖြစ်ပေါ်လာသော စိတ်သက်သက် သိမှု

သဘောနှင့် သိပြီးနောက် ချုပ်ပျောက်သွားသည့် စိတ်ဝိညာဏ် အနိစ္စကို ဒိဋ္ဌထင်ထင် သိမြင်၍ လာလိမ့်မည်၊ မြင်အောင်လဲ ကြိုးစားရှုပါ။ ဝိညာဏ်သဘာဝ သုညတ သိခဲလှပေသည်၊ ဝိညာဏ်ပျက်ကြ အနိစ္စ မြင်ခဲလှပေသည်၊ (ဝိညာဏဿ သုညတ အဗျာပါရ အသင်္ကန္တိ ပဋိသန္ဓိပါတုဘာဝဋ္ဌော ဂမ္ဘီရော)ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (အတ္တာ ဝိဇာနာတိ အတ္တာ သံသရတီတိ သဗျာပါရတာ သင်္ကန္တိ အဘိနိဝေသဗလာတာယ) ဟူသော မဟာ ဋီကာတို့အရ ဝိညာဏ် ၆-ပါး၌ အတ္တမဟုတ်သည်အဖြစ် အတ္တမှကင်းသုဉ်းသည်အဖြစ်ရှင်း၊ အားထုတ်မှု ကြောင့်ကြစိုက်မှု ဗျာပါရမှ ကင်းရှင်း မရှိခြင်းသည်ရှင်း၊ မပျက်တာရှည်၊ အမြဲတည်လျက် တဘဝမှ တဘဝသို့ ပြောင်းရွေ့ ကျင်လည်နိုင်ခြင်း လုံးလုံး ကင်းသည် အဖြစ်ရှင်း၊ ဘဝတခုနှင့် ဘဝတခု အခြားမရှိ အပြတ်မရှိဘဲ စိတ်ဝိညာဏ်တရားဆက်စပ်၍ ထင်ရှားဖြစ်ပေါ်ခြင်း ပဋိသန္ဓေအဖြစ်သည်ရှင်း၊ စိတ်၌ ဤ၄-ချက်သည်သိရန် မြင်ရန် အလွန်ပင် နက်နဲခက်ခဲလှပေသည်။ သဗ္ဗညုဘုရားတို့၏ အရာသာလျှင် ဖြစ်၏၊ သမ္မာသမ္ဗုဒ္ဓဘုရားမှတပါးသောသူတို့သည် အမှန်အတိုင်း သိနိုင်သောအရာဌာနမဟုတ်ချေ-ဟု အဋ္ဌကထာကြီးတို့၌ ပြဆိုကုန်၏၊ ထို့ကြောင့် မြင်နိုင်သိနိုင်ရန် ခက်ခဲ နက်နဲသော စိတ်သဘော စိတ်ဖြစ်ကြောင်းနှင့် စိတ်အနိစ္စ အပျက်များကို အထက်က ဟောကြားညွှန်ပြသော

နည်းလမ်းအရ ရှုကြည့်ကြလျှင် ဝိညာဏ်၌ အလွန်ခက်သော အချက်ကြီး ၃-ပါးကို သိမြင်လာပေလိမ့်မည်။

ဤသို့လျှင် အချိန်အနည်းငယ်မျှနှင့် အကျဉ်းအလုပ်ပြခဲ့သော ဝိညာဏ်အားထုတ်နည်း ဟုတ်မှန်သော ဝိပဿနာလမ်းကြီးကို ယုံကြည်စွာမှတ်သား၍-

အဆင်းမြင်တိုင်း ငါမြင်သည်၊
အသံကြားတိုင်း ငါကြားသည်၊
အနံ့နံတိုင်း ငါနံသည်၊
အရသာစားတိုင်း ငါစားသည်၊
ကာယကြီးမှ ဘယ်နေရာကမဆို တွေ့တိုင်း ထိတိုင်း ငါတွေ့သည်၊
စိတ်ကူးကြံစည်တိုင်း ငါကြံစည်သည်-

ဟူ၍ ရှည်လျားစွာသော ဘဝ ကမ္ဘာအစဉ် အဆက်ဆက်တို့က ဘုရားဟောကြားသည့် နက်နဲခက်ခဲလှသော ဝိညာဏ်တရားကို မကြားဘူး မသိဘူးကြ၍ စိတ်ဝိညာဏ်ဖြစ်တိုင်း စွဲလောင်နေသော သက္ကာယဒိဋ္ဌိငရဲမီးကြီး အပါယ်မီးကြီး သံသရာမီးကြီးမှ အပြီးတိုင် လွတ်ကြလေအောင် ဝိညာဏ်၌ အထည်ဒြဗ်မရှိ အာရုံကိုသိမှုမျှ အာရုံကိုသိခြင်းမျှကို အဟုတ်သိသော နာမရူပပရိစ္ဆေဒဉာဏ် အာရုံတည်းဟူသော ဝိညာဏ်ဖြစ်ကြောင်းကို အဟုတ်သိသော ပစ္စယပရိဂ္ဂဟဉာဏ်၊ ထိုသိမှုဖြစ်ပေါ်လာခြင်း

နှင့် ကွယ်ပျောက်သွားခြင်းကို အဟုတ်မြင်သော အနိစ္စဉာဏ် ဤဝိပဿနာဉာဏ် အခြေခံ ၃-ပါးကို ပြထားသည်အရ သိမြင်နိုင်ကြပြီး အထက် ဉာဏ်ကြီးများကိုပါ သိသိသွားကြရန် မြတ်စွာဘုရား သာသနာနှင့် တွေ့ကြုံခိုက် လူ၏ဘဝကြီးကို ရခိုက်တွင် မဖြစ်မနေ မသိမနေ အားထုတ်ထိုက်လှပေသတည်း။

ဤသို့ အားထုတ်သော သူတော်ကောင်းသည်၊ မိမိကိုယ်ဟု အမြဲထင်မှားနေသော ရုပ်တရား နာမ်တရားတို့၏ မိမိကိုယ် မဟုတ်သည့် အနတ္တတရားကို ကောင်းစွာ ထင်မြင်နိုင်သူမည်ပေ၏။

ထိုသို့မြင်သောသူမှာ အတ္တဒိဋ္ဌိချုပ်ငြိမ်းလေ၏။

အတ္တဒိဋ္ဌိ ချုပ်ငြိမ်းသည်နှင့်တပြိုင်နက် အစမထင်သော အတိတ်သံသရာက ပြုခဲ့သမျှသော အပါယ်ရောက်ကြောင်း အကုသိုလ် ကံဟောင်း အနန္တ တို့သည်လည်း အကုန်လုံး ချုပ်ငြိမ်းကြလေကုန်၏။ အတိတ်ဘဝကပြုခဲ့ပြီးသားအကုသိုလ်ကံကို မဆိုထားဘိ။ ယခုဘဝတွင် အနတ္တဉာဏ် မပေါက်မီ ရှေ့အဘို့က ပြုခဲ့သော အကုသိုလ်ကံတို့သည်ပင် အကျိုးမပေးနိုင်ဘဲ ချုပ်ဆုံးပျောက်ကွယ် အဟောသိကံ နယ်သို့ရောက်ကြလေသတည်း၊ ထိုကြောင့် မြတ်စွာဘုရားက အင်္ဂုလိမာလမထေရ်အား ယဿ ကတံ ပါပံ ကမ္မံ ကုသလေန ပိဓိယတိ- ဟု ဟောတော်မူသည်အရ ဤရှေ့ညွှန်ပြမျှ အကျိုးကြီးလှသော

မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားပေးသနားသည့် အတ္တဒိဋ္ဌိသတ်နည်း ဝိညာဏ်နာမ်ခုတ် ဝိပဿနာဆေးတော်ကြီးကို အားခဲကာ အမြဲသာ သောက်ကြ ရှုကြည့်ကြပါလေဟု တိုက်တွန်းသတိပေးရင်း အဆုံးသတ်လိုက်ပါသတည်း။

သုခိတာ ဟောထ ဒုက္ခာ မုဥ္စထ၊ ဤတိုင်းပြည်ကြီးအတွင်း၌ တည်ရှိကြကုန်သော ခပ်သိမ်းကုန်သော အစိုးရ အစောင့်အရှောက် သူတော်ကောင်း အစရှိသော ပုဂ္ဂိုလ်အပေါင်းတို့သည် ဆင်းရဲဟူသမျှ ဘေးဒုက္ခတို့မှ ကင်းလွတ်ကြ၍-

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ-
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

# နိဂုံး

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေစဉ် ညဉ့်အခါ ဝါသု ဒတ္တ အမည်ရသော နက်သား တယောက်သည် လူ့ဘဝ–နတ်ဘဝ၏ အပြစ်ကိုသာ မြင်ပြီး ပြဟ္မာဘဝ အကောင်းထင်ကာ အောက်ပါ ဂါထာဖြင့် ဘုရားကိုလျှောက်၏။

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနော၀ မတ္ထကေ။
ကာမရာဂပ္ပ ဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

အဓိပ္ပါယ်ကား– ရင်ဝလှံစူး သောသူ· ဦးကျောင်း မီးလောင် သူသည် ထိုလှံ ထိုမီးကိုသာ အမြန်ပျောက်ကင်းအောင် ပြုလုပ် ရသလို ကာမဘုံ၌ သာယာသော တဏှာကို ပယ်နိုင်အောင် အမြန်ပြုလုပ်ရာ၏။

ဒိဋ္ဌိမီးကြီးက သာ၍အရေးကြီးပုံကို မြတ်စွာဘုရား၏အဖြေ ဂါထာမှာ–

သတ္တိယာ ဝိယဩမဋ္ဌော၊ ဍယှမာနော၀ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ဟာနာယ၊သတော ဘိက္ခု ပရိဗ္ဗဇေ၊

(အနက်) သတ္တိယာ၊ အသွားမြမြ ချွန်ထက်လှသောလှံမ ကြီးဖြင့်။ဩမဋ္ဌောဝိယ၊ရင်ဝ၌စူးစိုက်၍နေသောသူကဲ့သို့ရင်း။ မတ္ထကေ၊ ဦးကျောင်းတခုလုံး၌။ ဍယှမာနော၀၊ တဟုန်းဟုန်း တပြောင်ပြောင် မီးလောင်နေသောသူကဲ့သို့ရင်း။ သက္ကာယ

ဒိဋ္ဌိ ၊ ငါဘဲသူဘဲ အယူလွဲ၍ အစွဲရင့်သီးသက္ကာယဒိဋ္ဌိမီးကြီးကို။ ပဟာနာယ၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်အစု ဓာတ်အနုကို အတတ်ရှုဆင်ခြင် ထင်မြင်ပွားများပြီး ပယ်ရှားလိုက်ခြင်းငှာ။ ဘိက္ခု၊ သံသရာဘေး အပါယ်ဘေးကို မျှော်တွေးမြင်သူ များ ရှင်လူသည်။ သတော၊မမေ့မလျော့ မပေါ့သာဘဲ ခိုင်မြဲသတိ လုံ့လရှိသည် ဖြစ်၍။ ဝါ၊ စားရင်း သွားရင်း အမှားကင်းရ အောင် သိလွယ် မြင်လွယ် ဆင်ခြင်ဘွယ်မှာ တကယ် အကျဉ်း ချုံးလိုက်တော့ အလွယ်အရှင်းဆုံး အပါယ် ကင်းသုဉ်းနိုင်တဲ့ အနတ္တတလုံး ဃနကိုချေမှုန်း၍ အကုန်လုံး ပုံမရတဲ့သုညတ ဓာတ်ရင်းအထိ သဘိ မကင်းကြဘဲ ကြည့်ရင်း ကြားရင်း ထင်လင်းရုပ်နာမ် ဟုတ်မှန်လိမ္မာ ပရိညာဖြင့် ကြိမ်ခါခါ တအားပြုပြီး ပွားရှုနိုင်ကြသည်ဖြစ်၍။ ပရိဗ္ဗဇော၊ အားထုတ် ရာ၏။ ပရိဗ္ဗဇော၊ ပဋိပတ်အရာ အချုပ် စခန်းဟာမို့ ဝိပဿနာ အလုပ် လမ်း မှာ ဖြင့် အ ဟုတ် တမ်း သာ အား ထုတ် ရာ သတည်း။

---

## လယ်တီဆရာတော်ဘုရားကြီး၏

# သံခိပ်

၁။ **အဝိဇ္ဇာ**-မိုက်မဲ့စွာလှ၊မှောင်ကြီးကျ၊ မောဟအဝိဇ္ဇာ။

၂။ **သင်္ခါရ**-ကု-အကုမှာ၊ စေတနာဓမ္မ၊ ကံသုံးဝ၊ မှတ်ကြ
သင်္ခါရာ။

ပုညာပုည၊ အာနေဉ္ဇ၊ သုံးဝခွဲစိတ်ဖြာ။

၃။ **ဝိညာဏ်**-သန္ဓိ ပဝတ္တိ၊နှစ်မျိုးရှိ၊ဝိပါက် ဝိညာဏာ။

၄။ **နာမ်ရုပ်**-စေတသိက်မူ၊ နာမ်ဟုယူ၊ ရုပ်မူကမ္မဇာ။

ဝိညာဏ်နည်းတူ၊ နှစ်မျိုးယူ၊ အတူယှဉ်မကွာ။

၅။ **သဠာယတန**-သဠာယတန၊ခြောက်ဒွါရ၊မနဝိပါက်သာ။

၆။ **ဖဿ,ဝေဒနာ**-ဝိညာဏ်ခြောက်ဝ၊ ယှဉ်ကုန်ကြ၊ ဖဿ-
ဝေဒနာ။

၇။ **တဏှာ**-ခြောက်ပါးအာရုံ၊ သာယာတုံ၊ ခြောက်စုံ
ညစ်တဏှာ။

၈။ **ဥပါဒါန်**-ကာမဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တာစွဲသန်၊ ဥပါဒါန်၊
လေးတန် သရုပ်ဖြာ။

၉။ **ဘဝ**-ကုသလာ-ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မ
ဘဝသာ။

၁၀။ **ဇာတိ,ဇရာ,မရဏ**-ဝိပါက်ခန္ဓာ၊ ကမ္မဇာ-ဟု၊ရုပ်နာမ်စု၊
ဥပပတ္တိသာ။

ဖြစ်မှု-ရင့်မှု၊ပျက်ဆုံးမှု၊ဥပပတ္တိမှာ။

# သင့် အတွက် သင့် အလုပ်-သင် အဟုတ်သိရဲ့လား?

၁။ ဒိဋ္ဌိပျောက်ရန်၊ ရုပ်နှင့်နာမ်၊ မြင်ရန်အားထုတ်၊ သင့်အလုပ်။

၂။ တဃောက်တည်းသာ၊ ဆိတ်ငြိမ်ရာ၊ နေကာ အားထုတ်၊ သင့်အလုပ်။

၃။ အဖော်မခေါ်၊ ကိုယ်တည်းပင်၊ တွင်တွင် အားထုတ်၊ သင့်အလုပ်၊

၄။ ပြောနဲ့-အိပ်နဲ့-ကိစ္စနဲ့၊ မြဲမြဲ အားထုတ်၊ သင့်အလုပ်၊

၅။ အရှယ်ကောင်းစဉ်၊ ကျန်းမာစဉ်၊ တွင်တွင် အားထုတ်၊ သင့်အလုပ်၊

၆။ ဝိပဿနာရင့်သန်၊ မဂ်ဆိုက်ရန်၊ အမြန် အားထုတ်၊ သင့်အလုပ်။

၇။ ခွင့်သာဆဲတွင်၊ မြဲမြဲပင်၊ တွင်တွင်အားထုတ်၊ သင့်အလုပ်၊

၈။ ခွင့်သာခိုက်တွင်၊ အားတိုက်ပင်၊ တွင်တွင် အားထုတ်၊ သင့်အလုပ်။

၉။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ဝိပဿနာအလုပ်၊ သင်အားထုတ်။

၁၀။ ဝိပဿနာခေါ်၊ တရားတော်၊ ပျော်ပျော် အားထုတ်၊ သင့်အလုပ်၊

၁၁။ ပျင်းရိ စိတ်များ၊ ပယ်ဖျောက်ထား၊ များများ အားထုတ်၊ သင့်အလုပ်၊

၁၂။ သင့်ရဲ့အမှား၊ သင်သနား၊ များများအားထုတ်၊ သင့်အလုပ်၊

၁၃။ သေခြင်းကိုတွေး၊ ကုသိုလ်ရေး၊ မနှေးအားထုတ် သင့်အလုပ်၊

———